# အပတ်စဉ်ထုတ်ပြန်ချက် ၂၀၂၂ ခုနှစ် ဧပြီလ ၄ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ

- အကျဉ်းချုပ်
- လူ့အခွင့်အရေး ချိုးဖောက်မှုများ
- မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ
- နေ့စွဲအလိုက် မှတ်တမ်းများ

လူ့ အ ခွင့် အ ရေး မှတ် တမ်း ကွန် ရက် ( မြန် မာ နိုင် ငံ )

အပတ်စဉ်ထုတ်ပြန်ချက်ကြည့်ရန်

# မြန်မာအကြမ်းဖက် စစ်အာဏာရှင်တို့သည် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများအတွက် တာဝန်ခံရမည်။

## အကျဉ်းချုပ်

၁,၇၃၅+ သတ်ဖြတ်ခံရ
၁၃,၁၇၁+ ဖမ်းဆီးခံခဲ့ရ
၁,၉၇၆+ ချုပ်နှောင်ခံထားရဆဲ
၁၀,၁၃၁+ ဖမ်းဝရမ်းထုတ်ခံရ

လွန်ခဲ့သည့် ၃ ပတ်မှ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ၄၉ ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှ အစီရင်ခံစာသစ်တွင် "မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့ရသည့် ဆိုးရွားလှသော အခွင့်အရေး ချိုးဖောက်မှုများ သည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ဖြစ်နိုင်သည်" ဟု သတိပေးထားသည်။ ၎င်းသည် မြန်မာစစ်အာဏာရှင်၏ မရေအတွက်နိုင်သော ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို နောက်ဆုံးရ အခြေအနေများကို ဖော်ထုတ်မှုသာ ရှိသေးသည်။ ပြီးခဲ့သည့် နှစ်များအတွင်း စစ်အာဏာရှင်၏ အကြမ်းဖက်မှုနှင့် အဖျက်အမှောင့် လုပ်ရပ်များကြောင့် တိုင်းပြည်ကို 'အမှောင်ခေတ်' သို့ ပြန်ရောက်သွားစေခဲ့သည်။ အာဏာရှင်စနစ်လက်အောက်သို့ ကျရောက်လိုစိတ်မရှိသော မြန်မာလူမျိုးများသည် ပုံစံအမျိုးမျိုးဖြင့် ရဲဝံ့စွာ ခုခံတော်လှန်နေကြသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစပြီး အကြမ်းဖက်စစ်တပ်သည် ကလေး ၂၃၅ ဦးအပါအဝင် အရပ်သား ၁၇၀၀ ကျော်ကို သတ်ဖြတ်ခဲ့ပြီး လူပေါင်း ၈ သိန်းခန့်ကို နေရပ်စွန့်ခွာရွှေ့ပြောင်းခိုင်းစေခဲ့သည်။ လူထုအခြေပြုအဖွဲ့အစည်းများ၏ အကူအညီများကို စစ်တပ်မှ ပိတ်ဆို့ထားပြီး လတ်တလောတွင် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ယာဉ်တန်းကို ရပ်တန့်ပြီး မကွေးတိုင်းဒေသကြီးသို့ ပြန်ခိုင်းခဲ့သည်။ အရေးပေါ် လိုအပ်နေသည့် အကူအညီများကို တရားမဝင် စစ်အာဏာရှင်တို့မှ အကြိမ်ကြိမ် ငြင်းဆိုထားသည်။

ငွေကြေးတန်ဖိုးကျဆင်းမှုနှင့် ဖောင်းပွမှုကြား စီးပွားရေးကျဆင်းနေချိန်တွင် နိုင်ငံတစ်ဝှမ်းရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အရပ်သားများသည် လုံလောက်သောစားနပ်ရိက္ခာနှင့် အမိုးအကာမရှိကြပေ။ ထိုအခြေအနေကြောင့် မျိုးဆက်တစ်ခုလုံးနှင့်အတူ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် ကလေးငယ်ပေါင်း ၁၀,၀၀၀ သည် အန္တရာယ်ရှိနေကြောင်း ကျွမ်းကျင်သူများက သတိပေးခဲ့ပြီး ၎င်းတို့၏ မိဘများနှင့် မောင်နှမများကို အကြမ်းဖက်စစ်တပ်မှ သတ်ပစ်ခဲ့သည်ကို မျက်မြင်ကြုံတွေ့ရသောကြောင့် စိတ်ဒဏ်ရာများရရှိနေသည်။ စိတ်ပိုင်းဆိုင်ရာ ရွေးချယ်ခွင့်များ မရှိခြင်းသည် ဝန်ထုပ်ဝန်ပိုးများစွာကို ထမ်းနေရသော မိသားစုများ၏ အခြေအနေကို ပိုမိုဆိုးရွားစေပါသည်။

သို့သော် ထိုကဲ့သို့ ထိတ်လန့်ဆိုးရွားသည့် အခြေအနေများကြား အကြမ်းဖက်စစ်အာဏာရှင်နှင့် လက်ဆွဲနှုတ်ဆက်ခဲ့သည့် နောက်ဆုံးနိုင်ငံမှာ ဩစတြေးလျနိုင်ငံဖြစ်ပြီး မကြာသေးမီက အာဏာရှင်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် တွေ့ဆုံရာတွင် နှုတ်ဆိတ်နေခဲ့သော နိုင်ငံသည် 'ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်' ဟူသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ရက်သတ္တပတ်များအတွင်း အိန္ဒိယအစိုးရသည် ၇ နိုင်ငံ Bimstec ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းဖြင့် မြန်မာစစ်အုပ်စုနှင့် ဆက်ဆံရေးတိုးမြှင့်ခဲ့သည်။ အကြမ်းဖက်ခေါင်းဆောင်များနှင့် ဆက်လက်ဆက်ဆံနေသော နိုင်ငံများကို မေ့ထား၍ မရနိုင်ပါ။

နိုင်ငံတကာ အသိုက်အဝန်း၏ အရေးယူမှုများလုပ်ဆောင်ရန် ကင်းမဲ့သည့် အကျိုးဆက်များကြောင့် ကျယ်ပြန့်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရဲရဲတင်းတင်းဆက်လက်ကျူးလွန်ရန် စစ်အာဏာရှင်တို့အား တွန်းအားပေးခဲ့သည်။ ၎င်းတို့ ဆက်လက် ကျင့်သုံးနေသော အာဏာရှင်စနစ်၏ အကျိုးဆက်များကို ချက်ခြင်းရင်ဆိုင်ရမည်။

# လူ့အခွင့်အရေးချိုးဖောက်မှုများ

အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်း
နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခြင်း
စီးနင်းတိုက်ခိုက်ခြင်း

**မန္တလေးတိုင်းဒေသကြီး** – အကြမ်းဖက်စစ်အုပ်စု၏ အကြမ်းဖက်တိုက်ဖျက်ရေးပုဒ်မဖြင့် နောက်ထပ်သတင်းထောက်တစ်ဦး ထောင်ဒဏ်ချမှတ်ခံရသည်။ Channel Mandalay မှ သတင်းထောက်ချုပ်ဟောင်းသည် ယခုအခါ ထောင်ဒဏ် ၂ နှစ် ကျခံနေရသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းပြီးသည့် အချိန်မှစ၍ သတင်းထောက် ၁၃၀ ကျော်ဖမ်းဆီးခံခဲ့ရဟု Detained Journalists Information Myanmar မှတ်တမ်းအရ သိရသည်။

**မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်**– အာဏာသိမ်းမှု ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်သူ ၉ ဦးကို ဧပြီလ ၂ ရက်နေ့ ညနေပိုင်းတွင် စစ်အုပ်စုမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

နေအိမ် ၂ လုံးကို ဝင်ရောက်စီးနင်းခဲ့ပြီး အမျိုးသမီး ၂ ဦးနှင့် အမျိုးသား ၆ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့အား မည်သည့်နေရာတွင် ဖမ်းဆီးထားကြောင်း မသိရသေးပါ။

**ရှမ်းပြည်တောင်ပိုင်း/ကရင်နီပြည်နယ်** – ရန်ကုန်–လွိုင်ကော်ကားလမ်းရှိ စစ်ဆေးရေးဂိတ်များတွင် အကြမ်းဖက်တပ်မတော်မှ ခရီးသွားများအား ကိုယ်ထိလက်ရောက် စော်ကားဖမ်းဆီးနေကြောင်း အရပ်သားများက သတင်းပေးပို့ထားသည်။ အထူးသဖြင့် လူငယ်များသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် ဆက်နွယ်မှုရှိသည်ဟု သံသယဖြင့် ပစ်မှတ်ထားခံရသည်။

# မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

မြန်မာနိုင်ငံတဝှမ်း လူဦးရေ ၈၈၉,၉၀၀ ခန့်သည် မတည်ငြိမ်မှုများနှင့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရဆဲဖြစ်သည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ်တွင်တွင် အကြမ်းဖက်စစ်တပ်၏လှုပ်ရှားမှုကြောင့် တည်ငြိမ်မှုမရှိပါ။ အကြမ်းဖက်စစ်တပ်နှင့် ကရင်လက်နက်ကိုင်တပ်ဖွဲ့ကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ အာရှလမ်းမပေါ်တွင် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်တပ်သည် အရပ်သားကားများကို တမင်တကာ မီးရှို့ခြင်းနှင့် လေကြောင်းဖြင့် တိုက်ခိုက်ခြင်းများကို ပုံမှန်ပြုလုပ်လျက်ရှိသည်။

**ထပ်မံဖတ်ရှုရန်**

## ကရင်နီ (ကယား)ပြည်နယ်

ကရင်နီပြည်နယ်တွင် အရပ်သားပြည်သူများသည် အကြမ်းဖက်စစ်တပ်၏ မတရားသော ထိုးစစ်ဆင်တိုက်ခိုက်မှုကိုရင်ဆိုင်နေရသည်။ ဒီမော့ဆိုမြို့နယ်အတွင်း လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် နေအိမ်တစ်လုံးနှင့် စာသင်ကျောင်းတစ်ကျောင်း ပျက်ဆီးခဲ့သည်။

**ထပ်မံဖတ်ရှုရန်**

## မကွေးတိုင်းဒေသကြီး

လွတ်လပ်တဲ့အာရှအသံ၏ အဆိုအရ မကွေးတိုင်းဒေသကြီးတွင် အိမ်ခြေပေါင်း ၇၀၀ ကျော် အကြမ်းဖက်စစ်တပ်၏ ဖျက်ဆီးခြင်းကို ခံခဲ့ရသည်။ တော်လှန်ရေးအင်အားစုများကို ချေမှုန်းရန်ကြိုးပမ်းနေသော မကွေးတိုင်းဒေသကြီးတွင် အရပ်သား ရာပေါင်းများစွာသည်လည်း ဖမ်းဆီးခံခဲ့ရသည်။

**ထပ်မံဖတ်ရှုရန်**



# ကရင်ပြည်နယ်

ကရင်ပြည်နယ်တွင်တွင် အကြမ်းဖက်စစ်တပ်၏လှုပ်ရှားမှုကြောင့် တည်ငြိမ်မှုမရှိပါ။ အကြမ်းဖက်စစ်တပ်နှင့် ကရင်လက်နက်ကိုင်တပ်ဖွဲ့ကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ အာရှလမ်းမပေါ်တွင် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်တပ်သည် အရပ်သားကားများကို တမင်တကာ မီးရှို့ခြင်းနှင့် လေကြောင်းဖြင့် တိုက်ခိုက်ခြင်းများကို ပုံမှန်ပြုလုပ်လျက်ရှိသည်။ ထိုကဲ့သို့သောအခြေအနေများကြောင့် ထောင်နှင့်ချီသော အရပ်သားများသည် အိမ်နီးချင်းထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေရပြီး ထိုင်းအာဏာပိုင်များမှ ထွက်ပြေးခိုလှုံနေသော သူများကို တိုက်ပွဲဖြစ်ပွားရာသို့ ပြန်လည်စေလွှတ်နေသည်။ သောင်ရင်းမြစ်ကမ်းတလျှောက်တွင် ယာယီအမိုးအကာများဖြင့် ခိုလှုံရသောအခြေအနေများသည် ငယ်ရွယ်သော မိသားစုများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများအတွက် သင့်လျော်မှုမရှိပါ။ သန့်ရှင်းသောရေနှင့် တာရှည်ခံအိမ်ရာများ လက်လှမ်းမီမှု နည်းပါးခြင်းကြောင့် ရေကြောင့်ဖြစ်သော ရောဂါများ တိုးလာစေသည်။ အကူအညီလိုအပ်နေသောသူများထံ နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့ အစည်းများအား ဝင်ရောက်ခြင်း မပြုရန် တားမြစ်ထားသည်။ ပြည်သူများသည် စိတ်ဒဏ်ရာများရနေကြသည်။

ကော့ကရိတ် အခြေစိုက် တပ်မ ၉၇ မှ ဧပြီလ ၄ ရက်နေ့ နံနက် ၇ နာရီခန့်တွင် တော်နော်ရေတံခွန်အနီးရှိ ကျေးရွာများတွင်းသို့ အမြောက်များဖြင့် ပစ်ခတ်ခဲ့ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) မှ သတင်းထုတ်ပြန်ထားသည်။ ပြီးခဲ့သည့်လများအတွင်း HURFOM သည် ကရင်ပြည်နယ်တွင် ထိုးစစ်များ တိုးလာသည့်အခြေအနေနှင့် ပတ်သက်၍ အစီရင်ခံစာ ထုတ်ပြန်ခဲ့သေးသည်။



# ကရင်နီ (ကယား) ပြည်နယ်

ကရင်နီပြည်နယ်တွင် အရပ်သားပြည်သူများသည် အကြမ်းဖက်စစ်တပ်၏ မတရားသော ထိုးစစ်ဆင်တိုက်ခိုက်မှုကိုရင်ဆိုင်နေရသည်။ ဒီမောဆိုမြို့နယ်အတွင်း လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် နေအိမ်တစ်လုံးနှင့် စာသင်ကျောင်းတစ်ကျောင်း ပျက်ဆီးခဲ့သည်။ လက်နက်ကြီးဖြင့် ဧပြီလ ၂ ရက်နေ့တွင် တိုက်ခိုက်ခဲ့ပြီး ကံကောင်းထောက်မစွာဖြင့် ထိခိုက်သေဆုံးမှုမရှိခဲ့ပေ။ သို့သော်လည်း မျက်မြင်သက်သေများ၏ပြောကြားချက်အရ အကြမ်းဖက်စစ်တပ်သည် အနီးအနားရှိကျေးရွာများနှင့် ပတ်ဝန်းကျင်သို့ ၃ နာရီခန့်ကြာ အဆက်မပြတ် သိမ်းကျုံး ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ၂၀၂၂ ခုနှစ် မတ်လလယ်တွင် အကြမ်းဖက်စစ်တပ်ကြောင့်  ကရင်နီပြည်နယ်တစ်ခုတည်းတွင် အရပ်သား ၂၃၅ ဦးထက်မနည်း သေဆုံးပြီး ၁၇၇ ဦး ဒဏ်ရာရရှိခဲ့သည်။

ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် အကြမ်းဖက်စစ်တပ်သည် “ရပ်တန့် စစ်ဆေးခြင်း” နည်းဗျူဟာကို လုပ်ဆောင်နေသည်။ အမျိုးသမီးနှင့် အမျိုးသားသည် လမ်းကြောင်းတစ်လျှောက် အချိန်အမရွေးရပ်တန့် စစ်ဆေးခံရပြီး ကိုယ်ထိလက်ရောက် စော်ကားခံရမှုများလည်းရှိနေသည်။ အကြမ်းဖက်စစ်တပ်၏ သံသယရှိခံရသူများသည် မော်တော် ယာဉ်များနှင့် မိုဘိုင်းလ်ဖုန်းများ အပါအဝင် ၎င်းတို့၏ ပစ္စည်းများကို အဆုံးခံနေရသည်။ စစ်ဘေးရှောင်များအတွက် ဆန်၊ စားနပ်ရိက္ခာနှင့် ပစ္စည်းများကို သယ်ယူပေးနေသော ပရဟိတသမားလည်း ပစ်မှတ်ထားခံနေရသည်။ အကြမ်းဖက်စစ်တပ်သည် ဒီမိုကအရေးနှင့် ဆက်စပ်သူများကို ဆက်လက်အကြမ်းဖက်နှိမ်နင်းရန် လုပ်ဆောင်လျက်ရှိသည်။



# မကွေးတိုင်းဒေသကြီး

လွတ်လပ်တဲ့အာရှအသံ၏ အဆိုအရ မကွေးတိုင်းဒေသကြီးတွင် အိမ်ခြေပေါင်း ၇၀၀ ကျော် အကြမ်းဖက်စစ်တပ် ဖျက်ဆီးခြင်းကို ခံခဲ့ရသည်။ တော်လှန်ရေးအင်အားစုများကို ချေမှုန်းရန်ကြိုးပမ်းနေသော မကွေးတိုင်းဒေသကြီးတွင် အရပ်သားရာပေါင်းများစွာသည်လည်း ဖမ်းဆီးခံခဲ့ရသည်။ ဒေသခံကျေးရွာသားများ စီးနင်းမှုကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဘုန်းကြီးကျောင်းများနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်း မီးလောင်ပျက်ဆီးမှုများ တိုးလာခြင်းကြောင့် ဘာသာရေးအဆောက်အဦးများသည်လည်း တိုက်ခိုက်ခံရခြင်းမှ လွတ်ကင်းခြင်း မရှိပါ။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း ချင်းပြည်နယ် နယ်စပ်ရှိ မကွေးတိုင်း ဒေသကြီးရှိ ကျေးရွာများကို စစ်အာဏာရှင်များမှ အကြမ်းဖက်တိုက်ခိုက်ခဲ့ပြီး ဒေသခံရွာသားများကို နှိပ်စက်ခဲ့ပြီး နေအိမ်များကို မီးရှို့ကာ တိရစ္ဆာန်များကို သတ်ဖြတ်ခဲ့သည်။ အရပ်သားများကို ပစ်မှတ်ထားခြင်းကြောင့် ထိုကဲ့သို့သော အခြေအနေသည် အကြောက်တရားနှင့် တင်းမာမှု အငွေ့အသက်များ ဖန်တီးပေးခဲ့သည်။ ဒေသခံပြည်သူများသည် နေအိမ်သို့ပြန်ရန် ကြောက်ရွံ့နေကြသောကြောင့် ခိုလှုံရန်အတွက်ကြိုးပမ်းနေရချိန် အခက်ခဲဆုံး အနေထားတွင် နေထိုင်နေကြရသည်။ လူ့အခွင့်အရေးအဖွဲ့များ၏ များပြားလှသော အထောက်အထားများမှ တနည်းအားဖြင့် အကြမ်းဖက်စစ်အာဏာရှင်ကို တာဝန်ခံရန် အကြံပြုထားသော်လည်း စစ်အာဏာရှင်တို့မှ စစ်ရာဇဝတ်မှုများအတွက် တာဝန်ခံရန် အားလုံးကိုငြင်းဆိုထားသည်။ စစ်အာဏာရှင်များကို အရေးယူဆောင်ရွက်ရမည် ဖြစ်သည်။

# နေ့စဉ်အလိုက် မှတ်တမ်းများ

၂၀၂၂ ခုနှစ် ဧပြီလ ဒုတိယပတ်
ဧပြီလ ၄ ရက်နေ့မှ ၁၀ ရက်နေ့အထိ

၄ ချင်းပြည်တယ် တင်နမ် ကျေးရွာအတွင်းရှိ ဘုရားကျောင်းတစ်ကျောင်းကို အကြမ်းဖက်စစ်တပ်မှ ဖျက်ဆီးခဲ့ပြီး မထီမဲ့မြင်ပြုသော လုပ်ရပ်များလုပ်ခဲ့သည်ဟု ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) မှ ထုတ်ပြန်ခဲ့သည်။

၅ နိုင်ငံရေးအကျဉ်းသားများ ကူညီရေးအသင်း (AAPP) မှ ထုတ်ပြန်သည့် အစီရင်ခံစာသစ်တွင် အရပ်သားများထံမှ နေအိမ်များနှင့် အဆောက်အဦများကို စစ်အာဏာရှင်မှ ဥပဒေမဲ့ တရားလက်လွတ် သိမ်းယူနေသည်။ အထူးသဖြင့် "အမျိုးသား ညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုလွှတ်တောကိုယ်စားပြုကော်မတီ CRPH နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ( CRPH)၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)နှင့် ဆက်စပ်နေသည်ဟု စွပ်စွဲခံထားရသော လွှတ်တော်ကိုယ်စားလှယ်များ၊ NLD ပါတီဝင်များနှင့် အရပ်သားများကို အဓိကပစ်မှတ်ထားကာ ဥပဒေမဲ့ မတရားချိပ်ပိတ် သိမ်းဆည်းမှုများကို ပိုမိုတိုးမြှင့် လုပ်ဆောင်နေသည်။

၆ ဘားမားအက်ဥပဒေ ၂၀၂၁ ကို အမေရိကန်အောက်လွှတ်တော်တွင် အတည်ပြုခဲ့သည်။ အဆိုပါ ဥပဒေမူကြမ်းကို အထက်လွှတ်တော်မှ အတည်ပြုပြီး ဥပဒေအဖြစ် အာဏာတည်ရန် အမေရိကန်သမ္မတမှ လက်မှတ်ရေးထိုးရမည်ဖြစ်သည်။

၇ ကမ္ဘာ့ကျန်းမာရေးနေ့တွင် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်-မြန်မာနိုင်ငံ (ND-Burma)မှ "ကျန်းမာရေးလုပ်သားများသည် ပစ်မှတ်မဟုတ်" ဟူသော စာတမ်းတိုကို ထုတ်ပြန်ခဲ့သည်။

၈ အကြမ်းဖက်စစ်အာဏာရှင်အား တာဝန်ခံမှုရှိစေရန် မည့်သည့်ခြေလှမ်းကို မှ လုပ်ဆောင်ခဲ့ခြင်းမရှိသော ဩစတြေးလျမှ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်မှု ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ဩစတြေးလျနိုင်ငံသံအမတ်ကြီး နှင့် ဩစတြေးလျ ကာကွယ်ရေးအရာရှိတို့သည် အကြမ်းဖက်စစ်အာဏာရှင်နှင့် တွေ့ဆုံခဲ့သည်။

၉ မြန်မာစစ်တပ်၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသော ဌာနေလူထုခေါင်းဆောင် စောအိုမူး သေဆုံးခြင်း ၄ နှစ်ပြည့် အခမ်းအနားကို ကျင်းပခဲ့သည်။

၁၀ အသက် ၁၉ နှစ်အရွယ် လူငယ်တစ်ဦးသည် လေ့ကေကော်တွင် ဖြစ်ပွားခဲ့သော တိုက်ပွဲ့အတွင်း သေဆုံးခဲ့သည်။



လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma